# လယ်ပဒူရွက်နဲ့ အသက်ဆက်နေရ

ဗုဒ္ဓဟူးနေ့၊ ဩဂုတ်လ ၁၉ ရက် ၂၀၀၉ ခုနှစ် ၁၈ နာရီ ၁၃ မိနစ်

အယ်ဒီတာရှင့် ...

ကျမတို့ရွာက နာဂစ်ဒဏ်ခံခဲ့ရတဲ့ ဧရာဝတီတိုင်း ဖျာပုံခရိုင် အမာမြို့နယ်ရဲ့ ဒေးဒလူ ကျေးရွာအုပ်စုထဲက ချောင်းဝကျေးရွာ ဖြစ်ပါတယ်။ ဒေးဒလူ ကျေးရွာအုပ်စုထဲမှာ ရွာပေါင်း ၁၃ ရွာအနက် ကျမတို့ရွာ အပါအဝင် ဘုန်းကြီးသောင်၊ ကုလားတက်၊ ကင်းဝန်း၊ ကမ်းသာယာနဲ့ ရွှေလှေကျင်းစတဲ့ ရွာ ၁၀ ရွာမှာ ပိုက်ဆံမရှိလို့ ဆန်ဝယ်မစားနိုင်တဲ့အတွက် လယ်ကွင်းထဲမှာ ပေါက်နေတဲ့ တို့စရာနဲ့၊ ချဉ်ရေဟင်းချက်တဲ့ လယ်ပဒူရွက်တွေကို ပြုပ်ပြီး ထမင်း အစားထိုး စားနေရပါတယ်။

ကျမမှာ သားသမီး ၇ ယောက် ရှိပါတယ်။ ကျမယောကျ်ား အပါအဝင် မိသားစုဝင် ၉ ယောက်ရဲ့ တနေ့ ဝင်ငွေဟာ ၁၂၀၀ ကျပ်ပဲ ရှိပါတယ်။ ဒါတောင် ကောက်စိုက်၊ ပျိုးနုတ် အလုပ်မျိုးရှိမှ ရတာပါ။ အဲဒီလို ပိုက်ဆံရတဲ့နေ့ ဆိုရင်တော့ ရွှေဝါထွန်း ဆန်တပြည် ၇၀၀ ကျော် ဝယ်ချက်စားပါတယ်။ အလုပ်မရှိတဲ့နေ့ ဆိုရင်တော့ မနက်စောစောထ လယ်ကွင်းထဲသွားပြီး လယ်ပဒူရွက်ခူး၊ ရွာထဲလည်ရောင်းပါတယ်။ ဝယ်မယ့်လူရှိလို့ ပိုက်ဆံ နည်းနည်းပါးပါးရရင် ဆန်လေးနည်းနည်းဝယ်ပြီး ဆန်ပြုပ်သောက်ပါတယ်။ ဝယ်မယ့်လူ မရှိရင်တော့ အဲဒီလယ်ပဒူရွက်တွေကိုပဲ မနက်စာ၊ ညစာ ပြုပ်လိုက် ကြော်လိုက်နဲ့ ထမင်းအဖြစ် စားရတာပါ။

ထမင်းလိုတော့ မတင်းတိမ်ဘူးပေါ့ရှင်။ တခါတလေ ဗိုက်နာတဲ့အခါလည်း နာပါတယ်။ ဒါပေမဲ့ အငတ်မခံနိုင်တော့ ရှိတာ ရှာကြံစားသောက်ရတာပါပဲ။ တပတ်မှာ လယ်ပဒူရွက်ပြုပ်က ၃ ရက်လောက် စားရပါတယ်။ ထမင်းက ၄ ရက်လောက်ပဲ စားနိုင်ပါတယ်။

ကျမတို့ရွာမှာ အိမ်ထောင်စုပေါင်း တထောင်နီးပါး ရှိပါတယ်။ အခုလိုမျိုး စားသောက်နေရတဲ့ မိသားစုက ၁၂၀ ကျော် ရှိပါတယ်။ ဒီ ၁၂၀ ကျော်ထဲမှာ ၉၀ လောက်က နာဂစ်တိုက်တုန်းက အိမ်တွေ၊ ပစ္စည်းတွေ ပျက်ဆီးဆုံးရှုံးခဲ့ရသူတွေပါ။

ကျမတို့ဒေသဟာ အရင်ကတည်းက ပင်လယ်ဆိပ်ကမ်းဒေသဖြစ်တော့ မဖွံ့ဖြိုးရတဲ့အထဲ ၂၀၀၈ ခုနှစ်မှာ နာဂစ် ဝင်မွှေသွားတော့ လူတွေမှာ ပိုပြီးစီးပွားရေး၊ လူမှုရေးတွေ ကျပ်တည်းဆိုးဝါးလာတာ အခုဆို လယ်ပဒူရွက် ပြုပ်စားရတဲ့ အခြေအနေတောင် ရောက်နေပါပြီရှင်။ လယ်သမားတွေကလည်း လယ်စိုက်ဖို့ ပိုက်ဆံမရှိလို့ လယ်မစိုက်နိုင်ကြတော့ ကျမတို့အတွက် လယ်စိုက်ရာသီဖြစ်ပေမယ့် ကောက်စိုက်၊ ပျိုးနုတ်အလုပ် ကလေးတောင် နေ့စဉ် မသေချာတဲ့ အခြေအနေပါ။ အခု နေနေရတာကလည်း နာဂစ်တုန်းက အိမ်ပြိုသွားလို့ တာလပတ်မိုး ဓနိဖက်ကာထားတဲ့ အိမ်လေးမှာ မိသားစု နေရတာပါ။

အာဏာပိုင်တွေကလည်း နာဂစ်ဖြစ်ပြီးခါစက အိမ်လေး အလုံး ၃၀ လောက် လာဆောက်ပေးသွားပါတယ်။ နောက်ပိုင်းမှာတော့ ပေါ်မလာတော့ပါဘူး။ ကျမတို့မှာ ပိုက်ဆံလည်း မရှိ၊ အလုပ်လည်း မရှိ၊ နေ့စဉ် ထမင်းစားနိုင်ဖို့တောင် ခက်ခဲနေလို့ ကူညီနိုင်တဲ့ပုဂ္ဂိုလ်များ ကူညီကြပါဦးရှင်။

ချောင်းဝကျေးရွာသူ

ဒေးဒလူကျေးရွာအုပ်စု
အမာမြို့နယ်၊ ဖျာပုံခရိုင်
ဧရာဝတီတိုင်း